ရေထွက်(၁၀)မိုင်ကျေးရွာ

မိုင်းတုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၃ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေထွက်(၁၀)မိုင်ကျေးရွာ၊ မိုင်းတုံမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ရေထွက်(၁၀)မိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုင်းတုံမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃- က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ - ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ကျေးရွာ၏ ရာသီအလိုက်ပြက္ခဒိန်
ကျေးရွာတွင်းနှင့် ပြင်ပ အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေ(Venn Diagram)
ကိုးကားစာရင်း ၇၄
အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MOALI	စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေး သောကျေးရွာအကြီးအကဲ(သူကြီး)နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှဦးဆောင်၍စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏာန်း ၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေ အနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီ အစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ် ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေထွက်(၁၀)မိုင်ကျေးရွာ
မိုင်းတုံမြို့နယ်

ရေထွက်(၁၀)မိုင်ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းတုံမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်း များအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိ ကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရေထွက်(၁၀)မိုင်ကျေးရွာသည် တောင်ကြီး-မိုင်းတုံသွားလမ်းမကြီးဘေး၊ မိုင်းတုံမြို့နှင့်(၁၀)မိုင်အကွာတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာ တည်ရှိရာနေရာသည် တောင်ပေါ်ဒေသဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဖက်နှင့်အနောက်ဖက်တွင် တောင်ကုန်းတောင်တန်း၊ မြောက်ဖက်တွင်ဟိုဟွေ့ကျေးရွာ၊ တောင်ဘက်တွင်ဂေါ်တောကျေးရွာ တည်ရှိပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်(၄၈)လက္ခကျော်ရရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုသည်။ကျေးရွာတွင်လယ်ယာမြေကိုအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာမှလုပ်ကိုင်နေသော လယ်ယာမြေများသည် မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးမြေဧကမှာ(၇၉)ဧကခန့်ရှိပြီး တောင်ယာစပါးများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာအနီးဝန်းကျင်တွင်သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။ ကျေးရွာ၏အရှေ့ဖက်နှင့်အနောက်ဖက်ရှိတောင်တန်းများသည် သဘာဝပေါက်ပင်များ စုံလင်စွာပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သက်ငယ်၊ သစ်စိမ့်ပင်၊ အင်ပင်၊ အခြားဆေးဖက်ဝင်အပင်များ ရရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၀)စုနှင့် ကျား(၇၄)ဦး၊ မ(၈၈)ဦးဖြင့် လူဦးရေပေါင်း(၁၆၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် လားဟူလူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် နတ်ကိုးကွယ်ကြသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏(၆၀%)ရှိပြီး၊ အမျိုးသားအရေအတွက်ထက် အမျိုးသမီးအရေတွက်ကပိုများပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေများသောကြောင့် အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ (၃၀%)သည် ချမ်းသာသည့်အဆင့်၊ (၆၀%)သည် အလယ်အလတ်အဆင့်နှင့် (၁၀%)သည် ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများ ကျေးရွာတွင် မရှိကြပါ။ ကျေးရွာရှိအိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မရှိသဖြင့် ရာသီအလိုက် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာမှအဆင်ပြေနှင့် အလယ်အလတ်အိမ်ထောင်စုများမှာ သူတပါးထံမှ မချေးမငှါးပဲ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံကြသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် ကျေးရွာတွင်အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု အနည်းငယ်ရှိပြီး သစ်တောပြုန်းတီးမှု၊ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့် လယ်ယာမြေ အရင်းအမြစ်ရှားပါးမှုမှာ ထိခိုက်လွယ်မှု အသင့်အတင့် တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

မိမိတို့ကျေးရွာသည် ကျန်းမာရေးအတွက် ကျေးရွာနှင့်(၁၀)မိုင်ကွာဝေးသော မိုင်းတုံပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကလေးငယ်များသည်လည်း ကျန်းမာကြသည်။ ကျေးရွာရှိအမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစု တို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေး ကျန်းမာရေးအသိအမြင်များအသင့်အတင့်ရှိကြသည်။ ကျေးရွာတွင်စိမ့်စမ်းရေကိုအသုံးပြုကြပြီး ဝမ်းပျက်ဝမ်းလျှောဂ၊ ငှက်ဖျား၊ တုတ်ကွေးစသောရောဂါဖြစ်ပွါးမှုများနည်းပါးသော်လည်း ရာသီအကူးအပြောင်းတွင် အဖျားအနာများဖြစ်ပွားမှုများသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသားအများစုသည် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကိုသာလုပ်ကိုင်ကြသည်။ ခေတ်မီစက်မှုနည်းပညာများအား လက်လှမ်းမီမှုအားနည်းကြပါသည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းရှိသဖြင့် မူလတန်းအရွယ်ကလေးတိုင်း ပညာကိုသင်ယူနိုင်ကြသည်။ အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသားများမှာ ကျေးရွာနှင့်(၁၀)မိုင်ကွာဝေးသော မိုင်းတုံမြို့ အထက်တန်းကျောင်းတွင် တက်ရောက်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

မိသားစုအတွင်းကျား/မတို့၏အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။အမျိုးသမီးများမှာအိမ်မှုကိစ္စများနှင့်သားသမီးငယ်များကို ပြုစုထိန်းကျောင်းပြီးအိမ်၏စီးပွား ရေးလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ကျား၊မခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေ ဇယားပါ ကိန်းဂဏန်းများအရ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများတွင် အမျိုးသမီးများ ကျောင်းတက်မှုပိုများသည်ကို

တွေ့ရသည်။သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများ မှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် တောင်ယာလုပ်ငန်းခွင်တွင် တစ်နေ့လုပ်အားခအဖြစ် အမျိုးသားများက (၁၀၀၀၀) ရရှိပြီး အမျိုးသမီးများမှာ (၇၀၀၀)သာရရှိကြပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ပါဝင်မှုမရှိကြောင်းတွေ့ရပါသည်။ အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီး ပါဝင်မှုအသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတို့ အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် ကျေးရွာသူ/သားများအားလုံးသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုရေးကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက် ကြသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကထား စိုက်ပျိုးကြပြီးစပါး(၁)ဧကပျမ်းမျှအထွက်မှာ (၅၅)တင်း ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး တောင်သူ အများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်တည်း စိုက်ပျိုးကြပါသည်။ ဓာတုမြေဩဇာ သုံးစွဲသော အလေ့အကျင့်များလာသောကြောင့် မြေဆီလွှာအရည်အသွေးထိခိုက်မှုရှိလာပြီး သီးနှံ အထွက်နှုန်း ကျဆင်းလာပါသည်။ ကျေးရွာအနီးတွင် မြစ်၊ အင်း၊ အိုင်များမရှိသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းများမှာ အရောင်းအဝယ် လုပ်ငန်းဖြစ်ပါသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်း အပါး အနေအထားတွင်ရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အပြင်လုပ်ငန်း အတွေ့အကြုံလည်းမရှိကြသောကြောင့်ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင်ရရှိမှု နည်းပါးသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ဓါတုမြေဩဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ လျော့နည်း လာသည်။ အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ရိတ်သိမ်းချိန်မတိုင်မီအထိ ပေါင်းသတ်ဆေး အသုံးပြုသောကြောင့် မြေဆီလွှာမှာ တဖြည်းဖြည်းချင်း ထိခိုက်လာသော်လည်း သမာရိုးကျ အလေ့အကျင့်များသာ ဆက်လက်ကျင့်သုံး နေကြပါသည်။ ကျေးရွာတွင်မုန်တိုင်း၊ ငလျင်စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မြစ်ချောင်း များမရှိသောကြောင့် ရေကြီးရေလွှမ်းခြင်းဘေးမှလည်း ကင်းဝေးသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမရှိပါ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကိုယ်ထူကိုယ်ထမူလတန်းကျောင်းရှိသဖြင့် မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာကို သင်ယူနိုင်ကြသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေကိုအသုံးပြုကြပြီး တစ်နှစ်ပတ်လုံးဖူလုံပါသည်။ မီးဖိုချောင်သုံးအမှိုက်များနှင့် အိမ်မှထွက်ရှိသောအမှိုက်များကိုကျေးရွာ၏ အနောက်ဖက်အမှိုက်ကျင်းတွင် စနစ်တကျထုတ်ပိုး၍ စွန့်ပစ်ကြကြောင်း တွေ့ရှိရပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး နှစ်စဉ် ဧန်နဝါရီလတွင်ကျရောက်လေ့ရှိသော လားဟူနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည်တောင်ပေါ်ဒေသဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပြီး ဖုန်းလိုင်းနှင့်အင်တာနက်လိုင်းများမရရှိပါ။ကျေးရွာတွင်လျှပ်စစ်မီး မရှိသဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြပါ သည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပြီး ပြည်သူများအတွက် လုံခြုံမှု ရှိပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ရေထွက်(၁၀)မိုင်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးမှာ မိုင်းတုံ ကတ္တရာလမ်း ဖြစ်ပြီး ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာတွင် ဆိုလာမီးဖြင့်သာအသုံးပြုကြပါသည်။ လူဦးရေအားလုံး၏ (၆၀)%မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သောကြောင့် လူစွမ်းအားအရင်းအမြစ်အားကောင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီပါသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာသည် မိုင်းတုံမြို့နယ်နှင့်(၁၀)မိုင်အကွာတွင်တည်ရှိပါသည်။ ကျေးရွာတွင်လားဟူလူမျိုး အများဆုံးနေထိုင်ပြီး လားဟူဘာသာစကားသာ အသုံးပြုကြသောကြောင့် အတန်းပညာသင်ကြားရာတွင် အတိုင်းအတာတစ်ခုထိအခက်အခဲရှိပါသည်။ ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် အနည်းငယ် အားနည်းကြောင်း တွေ့ရှိရသည်။

တိရိစ္ဆာန်များမွေးမြူရာတွင်လည်း လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြသောကြောင့် ရောဂါကျရောက်သောအခါထိန်းချုပ်ရန်ခက်ခဲခြင်း၊ တိရိစ္ဆာန်များပျောက်ဆုံးမှုရှိခြင်းများကြုံတွေ့ရပါသည်။ ကျေးရွာတွင် လူငယ်အများစုရှိသော်လည်း အတန်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာများ အားနည်းနေသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျေးရွာသူ/သားများအားလုံးနှင့်သက်ဆိုင်သည့် ကျေးရွာခန်းမဆောင်တည်ဆောက်နိုင်ရေး။

(၂) ကျွန်ုပ်တို့ကျေးရွာသည် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ စျေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ခြင်းအားဖြင့် ကျေးရွာ၏ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေး အနေအထားကို တိုးတက်ရရှိစေမည်။

(၃) ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ စီစဉ်ဆောင်ရွက်ပေးပြီး စာကြည့်တိုက်များ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးနှိမ်နင်းခြင်းနှင့် ပတ်သက်သော အစီအစဉ်များချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏အနာဂတ်၊ ရေထွက်(၁၀)မိုင်ကျေးရွာ၏ အနာဂတ်ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ချီတက်၍လုပ်ဆောင် သွားမည်ဖြစ်ပါသည်။

(၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် သန့်ရှင်းသောသောက်သုံးရေရရှိခြင်းဖြင့် ကျန်းမာရေးပိုမိုကောင်းမွန် လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်ဆိုင်ရာဌာနကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ သန့်ရှင်းသောသောက်သုံးရေ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စာကြည့်တိုက်များရရှိအောင်ဆောင်ရွက်မည်။မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးဟောပြောပွဲများကျင်းပသကဲ့သို့ကျန်းမာကြံ့ခိုင်ရေးအတွက်အားကစားကွင်းများဆောက်လုပ်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင် ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်းပံ့မှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းများမှာမိုးရာသီတွင်အခက်အခဲရှိပါသဖြင့် မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါသည်။ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့်တစ်ရွာကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုလွန်စွာအထောက်အကူပြုနိုင်ပေမည်။

(ဃ) လူငယ်နှင့် အားကစား

လူငယ်များအတွက်အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ၊ စာကြည့်တိုက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းခြင်းနှင့် ပတ်သက်သောအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးနိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးစေလိုပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်း ဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက် ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။ လုပ်ငန်းကဏ္ဍာကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြား များကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(၈) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်
ပညာရေး	၁။ အစိုးရမူလတန်းကျောင်း	၉၇	၂	
အခြေခံအဆောက်အဦ	၂။ ကျေးရွာခန်းမဆောင်	၁၀၀	၁	
	၃။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၉၅	၃	
	၄။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၉၅	၄	
စိုက်ပျိုးရေးနှင့်မွေးမြူရေး				
လူငယ်နှင့်အားကစား	၅။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၉၅	၅	
ကျန်းမာရေး				

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စဉ်	စီမံချက်	အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၁	✔				
၂	အစိုးရမူလတန်းကျောင်း	၂		✔			
၃	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၃			✔		
၄	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၄				✔	
၅	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၅					✔

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း			✔		
၂	အစိုးရမူလတန်းကျောင်း			✔		
၃	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း			✔		
၄	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း			✔		
၅	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း			✔		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။

ရေထွက်(၁၀)မိုင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

စဉ်	အမည်	တာဝန်	မှတ်ပုံတင်အမှတ်	မှတ်ချက်
၁	ဦးကျမူး	ဥက္ကဋ္ဌ	၁၃/မတန(နိုင်)၀၁၃၇၁၇	
၂	ဦးကျခါးကျိူ	ဘဏ္ဍာရေးမှူး	၁၃/မတန(နိုင်)၀၁၃၉၃၂	
၃	ဒေါ်နာဟားကျိူ	စာရင်းကိုင်	၁၃/မတန(နိုင်)၀၂၆၉၆၄	
၄	ဦးယားဘိုအဲ	အဖွဲ့ဝင်	၁၃/မတန(နိုင်)၀၂၁၉၈၇	
၅	ဦးပါအဲ	အဖွဲ့ဝင်	၁၃/မတန(နိုင်)၀၂၁၉၀၃	
၆	ဦးယားဘို	အဖွဲ့ဝင်	၁၃/မတန(နိုင်)၀၃၄၀၃၄	
၇	ဒေါ်နာဟယ်	အတွင်းရေးမှူး	၁၃/မတန(နိုင်)၀၁၉၅၅၄	

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထား သောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာမြို့နယ် သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုသူများထံမှအသုံးပြုခကောက် ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖေါ်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ် တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍာအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များးပေါ်မူတည်၍ မှုကိုတိုင်းတာသည့်အညွှန်းကိန်း(indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန် တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည်၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoringreport)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါ အချက်များအပေါ်ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါ မည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိက ထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ပါဝင်ပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များးပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါ သည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

  နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင် သူများထံမှအကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

သက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၆	၈	၁၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၁၉	၃၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆	၄	၁၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၄	၅၂	၉၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၂	၆
